Message Three

## ခရစ်တော်၏ အသေခံတော်မူခြင်းနှင့် ထမြောက်တော်မူခြင်း၏ ပုံသဏ္ဍာန်

ဖတ်ရန်ကျမ်း။ ။ ရော၊၆း၃-၅။ ၅း၁၇။ ဂလ၊၃း၂၇

**I. "ခရစ်တော်ယေရှုအထဲသို့ ဗတ္တိဇံခံသောသူရှိသမျှတို့သည် အသေခံတော်မူခြင်းအထဲသို့ ဗတ္တိဇံခံကြသည်" - ရော၊၆း၃။**

A. ဗတ္တိဇံသည် ပုံစံတစ်ခု သို့မဟုတ် ဓလေ့ထုံးစံတစ်ခုမဟုတ်ပေ။ ၎င်းသည် ခရစ်တော်နှင့် ကျွန်ုပ်တို့၏ ထပ်တူကျခြင်းကို ပုံဆောင်သည် - အငယ်၊၃။

B. ဗတ္တိဇံအားဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ နှစ်မြှုပ်ခံရပြီး၊ ကိုယ်တော့်ကို ကျွန်ုပ်တို့၏နယ်ပယ်အဖြစ် ယူဆောင် ကြသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း၌ ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်း ပေါင်းစည်းနိုင်မည်ဖြစ်သည်။

C. ကျွန်ုပ်တို့သည် ပထမလူဖြစ်သော အာဒံ၏အဝန်းအဝိုင်း၌ မွေးဖွားလာခဲ့သော်လည်း (၁ကော၊၁၅း၄၅၊ ၄၇)၊ ဗတ္တိဇံအားဖြင့် ဒုတိယလူဖြစ်သော (၁ကော၊၁၅း၄၇) ခရစ်တော်၏ အဝန်းအဝိုင်းအထဲသို့ ပြောင်းရွှေ့ခံရကြသည် (၁း၃၀။ ဂလ၊၃း၂၇)။

D. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဗတ္တိဇံခံသောအခါ၊ ကိုယ်တော်၏အသေခံတော်မူခြင်းအထဲသို့ ဗတ္တိဇံခံကြခြင်းဖြစ်သည် - ရော၊၆း၃။

E. ကိုယ်တော်၏ အသေခံခြင်းသည် ကျွန်ုပ်တို့အား လောကနှင့် စာတန်၏မှောင်မိုက်တန်ခိုးမှ ခွဲခြားပေးပြီး၊ ကျွန်ုပ်တို့၏ဇာတိအသက်၊ ဟောင်းသောသဘောသဘာဝ၊ အတ္တ၊ အသွေးအသားနှင့် ကျွန်ုပ်တို့၏ သမိုင်းကြောင်း တစ်ခုလုံးကိုပင် အဆုံးသတ်ပေးခဲ့သည်။

**II. "ထို့ကြောင့် အသေခံတော်မူခြင်းအထဲသို့ ဗတ္တိဇံခံသောအားဖြင့်၊ ထိုသခင်နှင့်အတူ သင်္ဂြိုဟ်ခြင်းကို ခံကြ၏။ အကြောင်းမူကား၊ ခရစ်တော်သည် ခမည်းတော်၏ ဘုန်းတော်အားဖြင့် သေခြင်းမှထမြောက်တော်မူသည်နည်းတူ၊ ငါတို့သည်လည်း အသစ်သောအသက်၌ လျှောက်လှမ်းရကြသတည်း" - အငယ်၊၄။**

A. ကျွန်ုပ်တို့၏လူဟောင်းသည် ခရစ်တော်နှင့်အတူ ကားတိုင်တွင် အသေသတ်ခြင်းကို ခံခဲ့ရပြီး (အငယ်၊၆)၊ အသေခံတော်မူခြင်းအထဲသို့ ဗတ္တိဇံခံသောအားဖြင့် ကိုယ်တော်နှင့်အတူ သင်္ဂြိုဟ်ခြင်းခံကြရသည်။

B. ဇာတိအဝန်းအဝိုင်း၌ လူတစ်ဦးသည် အရင်သေပြီးမှ မြှုပ်နှံခံရသည်။ သို့သော် ပေါလု၏စကားက ဝိညာဉ်ဆိုင်ရာနယ်ပယ်၌ ကျွန်ုပ်တို့သည် ဦးစွာ မြှုပ်နှံခံရပြီး ထို့နောက်မှ သေရမည်ဖြစ်ကြောင်းကို ညွှန်ပြသည်။

C. ကျွန်ုပ်တို့သည် တိုက်ရိုက်သေခြင်း မဟုတ်ပါ၊ ဗတ္တိဇံအားဖြင့် ခရစ်တော်၏ အသေခံခြင်းအထဲသို့ ဝင်ရောက်သွားရသည်။

D. ခရစ်တော်နှင့် သူ၏အသေခံခြင်းသည် တစ်ခုတည်းဖြစ်သည်။

E. ခရစ်တော်မှကင်းကွာလျက် ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသေခံခြင်းအထဲသို့ ဗတ္တိဇံခံ၍မရနိုင်ပေ၊ အကြောင်းမှာ ကိုယ်တော်၏ အကျိုးသက်ရောက်မှုရှိသော အသေခံခြင်း ဒြပ်သဘာဝသည် ရှင်ပြန်ထမြောက်ခဲ့သော၊ အရာအားလုံးပါဝင်သော အရှင်တည်းဟူသော ကိုယ်တော်၌သာ တွေ့ရှိရသောကြောင့်ဖြစ်သည် - ညွှန်း၊ ယော၊၅း၂၉။ ၁၁း၂၄-၂၅။ တ၊၁း၂၂။ ၂း၃၁။

F. ရောမ ၆း၄ ရှိ *ခမည်းတော်၏ဘုန်းတော်* မှာ ဘုရားဇာတိ၏ ထင်ရှားပေါ်လာခြင်းကို ရည်ညွှန်းသည်။

G. ဗတ္တိဇံခံပြီးနောက် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ လူသစ်ဖြစ်လာသည် - ဖိ၊၃း၁၀။

H. ရှင်ပြန်ထမြောက်ခြင်းသည် အနာဂတ် အခြေအနေသာမက၊ ယခုမျက်မှောက် ဖြစ်စဉ်လည်း ဖြစ်သည်။

I. အသစ်သောအသက်၌ လျှောက်လှမ်းခြင်း ဟူသည် ယနေ့ ထမြောက်ခြင်းနယ်ပယ်၌ အသက်ရှင်ရန်နှင့် အသက်၌ စိုးစံရန် ဖြစ်သည် - ရော၊၆း၄။ ၅း၁၇။

J. ဤသို့သော အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့အား ခရစ်တော်၏ ပုံသဏ္ဍာန်တော်သို့ အပြည့်အဝ ပုံသဏ္ဍာန်ပြောင်းလဲခြင်းနှင့် သဏ္ဍာန်တူညီလာမှုမရှိမချင်း ကျွန်ုပ်တို့၌ရှိနေသော အာဒံ၏အရာအားလုံးကို ဆက်ဆံဖြေရှင်းပေးသည် - ၁၂း၂။ ၈း၂၉။

**III. "တစ်နည်းကား ငါတို့သည် အသေခံတော်မူခြင်း၏ ပုံသဏ္ဌာန်ကိုဆောင်၍ ထိုသခင်နှင့်အတူ ကြီးထွားလျက်ရှိလျှင်၊ ထမြောက်တော်မူခြင်း၏ ပုံသဏ္ဌာန်၌ အမှန်ရှိကြလိမ့်မည်" - ၆း၅။**

A. *ထိုသခင်နှင့်အတူ ကြီးထွားလျက်* ဟူသည်မှာ ကြီးထွားမှုကို ဖြစ်ပေါ်စေသည့် အသက်ဆိုင်ရာ ပေါင်းစည်းခြင်းကို ရည်ညွှန်းသည်။ ထိုသို့ဖြင့် လူသည် အခြားသူတစ်ဦး၏ အသက်နှင့် သွင်ပြင်လက္ခဏာများကို ပါဝင်ဆက်ဆံရသည် - အငယ်၊ ၅က။

B. ခရစ်တော်နှင့်အတူ အသက်ဆိုင်ရာ ပေါင်းစည်းခြင်း၌ ခရစ်တော်ဖြတ်ကျော်ခဲ့သမျှသော အရာအားလုံးသည် ကျွန်ုပ်တို့၏ သမိုင်းကြောင်း ဖြစ်လာသည်။

C. ကိုယ်တော်၏ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းသည် ယခု ကျွန်ုပ်တို့၏အရာ ဖြစ်လာသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကိုယ်တော်၌ရှိ၍၊ ကိုယ်တော့်ထံ အသက်ဆိုင်ရာ ပေါင်းစည်းဆက်နွယ်လျက်ရှိသောကြောင့် ဖြစ်သည်။ ဤသည် ကားကိုင်းဆက်ခြင်းဖြစ်သည် - ၁၁း၂၄။

D. ဤသို့သောကိုင်းဆက်ခြင်းသည် ကျွန်ုပ်တို့၌ရှိသည့် ဆန့်ကျင်ဘက် ဒြပ်သဘာဝများအားလုံးကို ဆုတ်ယုတ်စေပြီး၊ ကျွန်ုပ်တို့ရှိ ဘုရားသခင်ဖန်ဆင်းခဲ့သော အစွမ်းသတ္တိများကို ပြန်လည်ရှင်သန်စေခြင်း၊ မြှင့်တင်ပေးခြင်း၊ ကြွယ်ဝစေခြင်းနှင့် ကျွန်ုပ်တို့ကို ပုံသဏ္ဌာန်ပြောင်းလဲပေးရန် ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံး၌ စိမ့်ဝင်ပျံ့နှံ့စေခြင်းဖြစ်သည်။

E. ခရစ်တော်၏ အသေခံတော်မူခြင်း ပုံသဏ္ဌာန်သည် ရောမ ၆း၄ ၌ ဖော်ပြထားသည့် ဗတ္တိဇံဖြစ်ပြီး၊ ခရစ်တော်၏ထမြောက်တော်မူခြင်း ပုံသဏ္ဌာန်သည် အငယ်၊၄ ၌ ဖော်ပြထားသည့် အသစ်သောအသက်ဖြစ်သည်။

F. *ထမြောက်တော်မူခြင်း၏ ပုံသဏ္ဌာန်၌* (အငယ်၊၅) ဟူသည်မှာ အနာဂတ်၌ ထမြောက်သည်ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ ယခု မျက်မှောက် ကြီးထွားခြင်းဖြစ်စဉ်ကို ရည်ညွှန်းသည်။

G. ကျွန်ုပ်တို့ ဗတ္တိဇံခံသောအခါ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသေခံတော်မူခြင်း ပုံသဏ္ဌာန်၌ ခရစ်တော်နှင့်အတူ ကြီးထွားလာကြရာ၊ ယခုတွင် ကိုယ်တော်၏ အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ကြီးထွားလျက်ရှိကြသည်။

H. ခရစ်တော်၏အသေခံခြင်း ဒြပ်သဘာဝကို ကိုယ်တော်၌သာ တွေ့နိုင်သကဲ့သို့၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း ဒြပ်သဘာဝလည်း ခရစ်တော်ကိုယ်တော်တိုင်၌သာ တွေ့ရှိနိုင်သည်။ ကိုယ်တော်ကိုယ်တိုင်သည် ထမြောက်ခြင်းဖြစ်သည် - ယောဟ၊၁၁း၂၅။

I. စစ်မှန်သောဗတ္တိဇံကို တွေ့ကြုံရပြီးနောက် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ထမြောက်တော်မူခြင်းပုံသဏ္ဌာန်၌ ခရစ်တော်နှင့်အတူ၊ ခရစ်တော်၌ ဆက်လက်ကြီးထွားကြရသည်။ ၎င်းမှာ အသစ်သောအသက်၌ လျှောက်လှမ်းခြင်းဖြစ်သည် - ရော၊၆း၄။

**IV. "ခရစ်တော်အထဲသို့ ဗတ္တိဇံခံသောသူရှိသမျှတို့သည် . . . " - ဂလ၊၃း၂၇။**

A. ဗတ္တိဇံ၏ ပုံပန်းသဏ္ဌာန် လေးမျိုးရှိသည် - ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်၏နာမအထဲသို့ ဗတ္တိဇံခံခြင်း (မ၊၂၈း၁၉)၊ ခရစ်တော်အထဲသို့ ဗတ္တိဇံခံခြင်း (ဂလ၊၃း၂၇)၊ ခရစ်တော်၏ အသေခံတော်မူခြင်းအထဲသို့ ဗတ္တိဇံခံခြင်း (ရော၊၆း၃)နှင့် ခရစ်တော်၏ ကိုယ်ခန္ဓာတော်အထဲသို့ ဗတ္တိဇံခံခြင်း (၁ကော၊၁၂း၁၃) တို့ဖြစ်သည်။

B. ဗတ္တိဇံသည် နောင်တရသောလူများအား သူတို့၏ အသက်တာဟောင်းကို အဆုံးသတ်ပေး၍ ခရစ်တော်၏ အသစ်သော အသက်တာနှင့် အစပြုပေးခြင်းအားဖြင့် သူတို့၏ ဟောင်းသောအခြေအနေမှ ထွက်ကာ လူသစ်တစ်ဦး အခြေအနေသို့ ဆောင်ယူပေးသည် - ရော၊၈း၂၊ ၁၀။

C. ဗတ္တိဇံ၌ သွင်ပြင်လက္ခဏာ နှစ်မျိုးရှိသည် - မြင်နိုင်သည့်သွင်ပြင်လက္ခဏာနှင့် မမြင်နိုင်သည့် သွင်ပြင်လက္ခဏာတို့ဖြစ်သည်။

1. မြင်နိုင်သည့် သွင်ပြင်လက္ခဏာမှာ ရေဖြင့်ပြုသော ဗတ္တိဇံဖြစ်ပြီး၊ မမြင်နိုင်သည့် သွင်ပြင်လက္ခဏာမှာ သန့်ရှင်းသော ဝိညာဉ်တော်ဖြင့်ပြုသော ဗတ္တိဇံဖြစ်သည် - တ၊၂း၃၈၊ ၄၁။ ၁၀း၄၄-၄၈။

2. ဝိညာဉ်တော်အားဖြင့်ပြုသော မမြင်နိုင်သည့် ဗတ္တိဇံမပါဘဲ၊ ရေဖြင့်ပြုသော မြင်နိုင်သည့် ဗတ္တိဇံသည် အချည်းနှီးသာဖြစ်သည်၊ ရေဖြင့်ပြုသော မြင်နိုင်သည့် ဗတ္တိဇံမပါရှိဘဲ၊ ဝိညာဉ်တော်ဖြင့်ပြုသော မမြင်နိုင်သည့် ဗတ္တိဇံသည်လည်း ပြည့်စုံခြင်းကင်း၍ လက်တွေ့ကျမည်မဟုတ်ပါ၊ နှစ်မျိုးစလုံး လိုအပ်ပါသည်။

D. သုံးပါးတစ်ပါးဘုရားအထဲသို့ ဗတ္တိဇံခံခြင်းမှာ ခရစ်တော်အထဲသို့ ဗတ္တိဇံခံခြင်း ဖြစ်သည် - ဂလ၊၃း၂၇။

1. ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိကြသောကြောင့် ဘုရားသခင်၏သားများဖြစ်ကြပြီး၊ ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဗတ္တိဇံခံခဲ့သောကြောင့် ခရစ်တော်၌ ရှိကြသည် - ရော၊၈း၁၀၊ ၁၄။ ဂလ၊၃း၂၆။ ၄း၇။
2. ခရစ်တော်အထဲသို့ ဗတ္တိဇံခံခြင်းမှာ ခရစ်တော်၌ရှိရန် နည်းလမ်းဖြစ်သည် - ၃း၂၇။
3. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဗတ္တိဇံခံခဲ့သောကြောင့်၊ ယခု ကျွန်ုပ်တို့သည် ကိုယ်တော်နှင့်အတူ အသက်ဆိုင်ရာ ပေါင်းစည်းခြင်းကို မွေ့လျော်ဝမ်းမြောက်ကြသည်၊ ၎င်းမှာ ကျွန်ုပ်တို့၏ ဖြစ်ခြင်းတစ်ခုလုံးကို ပုံသဏ္ဍာန်ပြောင်းလဲစေနိုင်သည် - ရော၊၁၂း၂။
4. ဂလာတိ အခန်းကြီး ၃ ၏အဆုံး၌ ပေါလုက ခရစ်တော်အထဲသို့ ဗတ္တိဇံခံခြင်း၊ ခရစ်တော်ကို ယူတင်ဝတ်ဆင်ခြင်းတို့နှင့်စပ်လျဉ်းသော စကားဖြင့် အဆုံးသတ်ထားခြင်းမှာ အလွန်အဓိပ္ပာယ်ရှိသည် - အငယ်၊၂၇။
5. ပေါလုက ဗတ္တိဇံနှင့်စပ်လျဉ်းသော စကားဖြင့် အဆုံးသတ်ထားခြင်း၏ အချက်သည် ဤအခန်းတွင် ခြုံငုံဖော်ပြထားသည့်အရာကို ခရစ်တော်အထဲသို့ ဗတ္တိဇံခံခြင်းနှင့် ခရစ်တော်ကို ယူတင်ဝတ်ဆင်ခြင်း ရှိပြီးမှသာ တွေ့ကြုံခံစားနိုင်မည်ဖြစ်ကြောင်း ပြသသည် - အငယ်၊၂၇။
6. ခရစ်တော်အထဲသို့ ဗတ္တိဇံခံသောသူ ရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆင်ကြသည် - အငယ်၊၂၇။
7. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဗတ္တိဇံခံကြပြီး၊ ယခု ကျွန်ုပ်တို့တွင် ကျွန်ုပ်တို့ကို လွှမ်းခြုံထားသော ခရစ်တော်ရှိသည်။
8. တစ်ဖက်တွင် ဗတ္တိဇံခံခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ နှစ်မြှုပ်ခဲ့ကြပြီး၊ အခြားတစ်ဖက်တွင် ဗတ္တိဇံခံခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆင်ကြသည်။
9. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ဗတ္တိဇံခံကြပြီး ကျွန်ုပ်တို့၏ဝတ်ဆင်ခြင်း၊ ကျွန်ုပ်တို့၏ဖုံးအုပ်ခြင်းအဖြစ် ကိုယ်တော့်ကို ဝတ်ဆင်ကြကြောင်း ကျွန်ုပ်တို့မှ များစွာတို့က ခိုင်မာစွာ သက်သေခံနိုင်ပါသည် - အငယ်၊၂၇။

*© 2025 Living Stream Ministry*